Training of Social Mentorship on Gender Based Violence Sector for Medical Social Workers သင်တန်းများဆောင်ရွက်ခြင်း

၁။ **နိဒါန်း**

ကုသရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုအဆင့်၊ အထူးကုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အဆင့်ဆေးရုံများ၌ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး(ဆေးလူမှု)၊ ဆေးလူမှုဆက်ဆံရေးအရာရှိ၊ ဆေးလူမှုဆက်ဆံရေးမှူးတို့ အား ဆေးရုံများသို့ ရောက်ရှိလာမည့် **GBV (Gender Based Violence)** ကျား/ မ အခြေပြုအကြမ်းဖက်မှု ခံစားရသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရန် ရည်မှန်း၍ ကုသရေးဦးစီးဌာနသည် အခရာ (မြန်မာ) ပြည်တွင်းလူမှုရေးအဖွဲ့ဖြင့် ပူးပေါင်း၍ **Training of Social Mentorship on Gender Based Violence Sector for Medical Social Workers** သင်တန်း(၈)ကြိမ်ပြုလုပ်ခဲ့ပါသည်။ (၂၂-၂-၂၀၁၈)ရက်နေ့မှစတင်၍ သင်တန်းပြုလုပ်ခဲ့ရာ ပထမဆုံးသင်တန်းအား အခမ်းအနားဖြင့် နေပြည်တော် **(Park Royal Hotel)** တွင် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း(အမြဲတမ်းအတွင်းဝန်)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အဖွင့်အမှာစကားပြောကြားဖွင့်လှစ်ပေးခဲ့ပါသည်။လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေမှ ဆေးရုံအုပ်ကြီးများ၊ ဆေးရုံအုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲချုပ်၊ မှုခင်းဌာနမှ ရဲမှူးကြီး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှညွှန်ကြားရေးမှူး၊ တရားစွဲနှင့်အမှုလိုက်ဌာနမှ ညွှန်ကြားရေးမှူးချုပ်၊အခြေခံပညာဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် အခရာ (မြန်မာ) မှ တာဝန်ရှိသူများ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်း သင်တန်းသား/သူများတက်ရောက်ခဲ့ကြပါသည်။

(၂၁ – ၆ – ၂၀၁၉) ရက်နေ့တွင် (၈) ကြိမ်မြောက် သင်တန်း၏ သင်တန်းဆင်းပွဲနှင့် သင်တန်းများပြီးမြောက်ခြင်းအခမ်းအနားအားပြုလုပ်ခဲ့ပြီး ဒေါက်တာကျော်ဇေယျ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ထမ်းရေးရာ)မှ သင်တန်းဆင်းအမှာစကားပြောကြားပြီး အခရာ(မြန်မာ)မှ ဒါရိုက်တာဒေါ်ထားထားမှကျေးဇူးတင်စကားပြောကြားခြင်း၊ သင်တန်းသူ(၁)ဦးမှကျေးဇူးတင်စကားပြောကြားခြင်းနှင့် အမှတ်တရလက်ဆောင်များပေးအပ်ခြင်း အစီအစဉ်များဖြင့် သင်တန်းများပြီး မြောက်ခြင်း အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ သင်တန်း(၅)ကြိမ်ပြီးစီးသည့်အချိန်တွင် ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာအား (၂၅-၅-၂၀၁၈)ရက်နေ့၌ ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်မှာကြားချက်အရ **“excellent,** ၎င်းတို့အနေဖြင့် သင်တန်း

အား ယခုထက်ပိုမိုထိရောက်ရန် အကြံပြုချက်များပေးနိုင်ရန်လည်း မေးခွန်းများမေးစေလိုပါသည် (ကျန်ရှိသော သင်တန်းများအတွက်) သင်တန်းမှိုင်ြမ်းစာအုပ်ကို **WHO/Unicef , 3MDG (UNOPS) Funding** ဖြင့် **Good Quality Print** ထုတ်ပါ” ဟု မှတ်ချက်ပြုခဲ့ပါသည်။

## ၂။ သင်တန်း၏ရည်ရွယ်ချက်

၁။ ကျား/မ ရေးရာ **(Gender)** နှင့်ပတ်သက်သည့် ဗဟုသုတ၊ အချက်အလက်များကို ပြည့်စုံ မှန်ကန်စွာ သိရှိနိုင်ရန်

၂။ တရားမျှတမှုရရှိနိုင်ရန်နှင့် အခြားပြဿနာများအတွက် သက်ဆိုင်ရာမိတ်ဖက် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ညှိနှိုင်းပြီး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်

၃။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျား/မ အခြေပြု အကြမ်းဖက်မှုခံစားရသူများအား ခွဲခြားဆက်ဆံမှုမပြုမိစေရန်နှင့် အခြားလိုအပ်သည့် အခြေခံစိတ်/လူမှုရေးပိုင်းဆိုင်ရာစောင့်ရှောက်မှုများပေးခြင်း **Health Education, Psycho Social support** လုပ်ငန်းများအား နည်းလမ်းမှန်စွာနှင့် အခြားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ရန်

## ၃။ သင်တန်းသားများ၏ ရာထူးအဆင့်နှင့် သင်တန်းသားဦးရေ

ဗဟိုအဆင့်၊ အထူးကုအဆင့်၊ အထွေထွေရောဂါကုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံများနှင့် ခရိုင်အဆင့်ဆေးရုံများတွင် ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး(ဆေးလူမှု)များ၊ ဆေးလူမှုဆက်ဆံရေးအရာရှိများ နှင့် ဆေးလူမှုဆက်ဆံရေးမှူးများအပါအဝင် စုစုပေါင်း (၂၉၀)ဦးတို့ကို သင်တန်းသား/ သင်တန်းသူများ အဖြစ်ရွေးချယ်သတ်မှတ်၍ သင်တန်းတက်ရောက်စေခဲ့ပါသည်။

## ၅။ သင်ကြားပို့ချပေးသော နည်းပြများနှင့် သင်ကြားပေးသော ဘာသာရပ်များ

| | | |
|---|---|---|
| ၁။ | ဒေါ်ထားထား | ဒါရိုက်တာ၊ အခရာ(မြန်မာ) |
| ၂။ | ဒေါ်ဥမ္မာရင်မီ | အကြံပေး၊ အခရာ(မြန်မာ) |
| ၃။ | ဒေါ်နန်းထွေး | နည်းပြ၊ အခရာ(မြန်မာ) |
| ၄။ | ဒေါ်စုမွန် | နည်းပြ၊ အခရာ(မြန်မာ) |
| ၅။ | ဦးသီဟ | နည်းပြ၊ အခရာ(မြန်မာ) |

**(1) Attitude and Sexuality, (2) Teenage & SRHR attitude,(3) Control over our own body, (4) Reproductive Health & Sexual Rights,(5) History of SRHR Prejudices,(6) Facts & Culture,(7) Gender based violence, (8) VAW survivor centered approach services** စသည့်အကြောင်းအရာများကို သင်ကြားပို့ချပေးခဲ့ပါသည်။ သင်တန်းမစမီ ကြိုတင်ဆန်းစစ်မေးခွန်း

များမေးမြန်းပြီးနောက် **Group Discussion** များ ပြုလုပ်ပေးခြင်း၊ **Group Works, Role play** များပြုလုပ်ပေးခြင်းတို့ဖြင့် သင်ကြားပေးခဲ့ကြပါသည်။

ဆေးလူမှုဆက်ဆံရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်